
THE PANGLONG AGREEMENT

# ဖက်ဒရယ်ငါးနိုင်ငံ၏ အသုံးစရိတ်တာဝန်များ ခွဲဝေပုံကို လေ့လာခြင်း

သန်းထွန်းစိုး

June 2019

Working Paper No.1

© The Author(s) 2019. Published by Inya Economics. All rights reserved. For permissions, please email: inyaeconomics@gmail.com

## စာတမ်းအကျဉ်းချုပ်[1]

ဖက်ဒရယ်ဘဏ္ဍာရေးစနစ်၏ ပထမဆုံးအပိုင်းဖြစ်သည့် အသုံးစရိတ်တာဝန်များ ခွဲဝေပုံကို ဖက်ဒရယ်ငါးနိုင်ငံရဲ့ အသုံးစရိတ် တာဝန်ခွဲဝေပုံများမှ တဆင့် လေ့လာပါမည်။ အခုလို လေ့လာရာတွင် နိုင်ငံအခြေပြုထက် အဓိက ရည်မှန်းချက်ဖြစ်တဲ့ အသုံးစရိတ်တာဝန်များ ခွဲဝေပုံ ပေါ်လွင်စေဖို့အတွက် ခွဲဝေပုံ အမျိုးအစားများအား ပုံစံ ထုတ်ပြီး အဆိုပါ ဆန်းစစ်ထားတဲ့ ပုံစံများထဲမှ ပုံစံတစ်ခုချင်းစီရဲ့ အစိုးရအဆင့်များအကြား စီးဆင်းပုံသည် ဤ စာတမ်း၏ အသက်ပင်ဖြစ်သည်။ ဖက်ဒရယ်ငါးနိုင်ငံမှ တဆင့် ဆန်းစစ်ပုံစံထုတ်လို့ ရလာတဲ့ ပုံစံတစ်မျိုးချင်းစီ၏ စီးဆင်းပုံတွေထဲက လက်ရှိမြန်မာပြည်ရဲ့ အခြေခံဥပဒေက ပေးထားတာတွေနဲ့ တိုက်ဆိုင်ကြည့်ပါမည်။

### ၁။ နိဒါန်း

အမှောင်နေ့ရက်များအတွင်း ဖက်ဒရယ်ဆိုသည့် စကားလုံးကို တိုင်းပြည်ပြိုကွဲခြင်းနဲ့ ပူးတွဲပြီး အဓိပ္ပာယ်ဖော်ကြ၊ အဓိပ္ပာယ်ပေါ်ကြတဲ့အတွက် ကြောက်စရာ စကားလုံးတစ်လုံး ဖြစ်ခဲ့ရာကနေ ၂၀၁၅ရွေးကောက်ပွဲမှာ ပြည်သူလူထု ထောက်ခံမှုကို တခဲနက်ရရှိခဲ့တဲ့ NLD ပါတီ အစိုးရဖွဲ့စည်း အပြီး အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားများ ဟာ နိုင်ငံရေးမူအရ ဖက်ဒရယ်ကို ယေဘူယျ သဘောတူခဲ့ကြပါသည်။ သက်ဆိုင်ရာ အုပ်စုအသီးသီး၊ လူပုဂ္ဂိုလ် အသီးသီးက မိမိတို့ ကောင်းမွန်သင့်တော်သည်ဟု ယူဆသလို နိဒါန်းအမျိုးမျိုးနဲ့ ရှင်းပြတာ၊ ဆွဲဆောင်တာ၊ ဖန် တီးပုံဖော်ဖို့ ကြိုးစားတာတွေ ရှိလာပါသည်။ တစ်နည်းပြောရရင် မြန်မာ့နိုင်ငံရေးဖြစ်စဉ် ဖွံ့ဖြိုးတိုးတက်မှုကို စိတ်ပါဝင်စားရှိသူတိုင်းဟာ မိမိတို့ အားသန်ရာ ရှု့ထောင့်ကနေ ရေးသား၊ပုံဖော်၊ ဆွေးနွေးခဲ့ကြပါသည်။

---

[1] CSMPS (Center for the Study of Myanmar Politics and Society) က သုတေသနနည်းနာ သင်တန်းမှာ မိမိကြိုက်နှစ်သက်ရာ သုတေသနစာတမ်းကို စင်တာက ပညာရှင်ပုဂ္ဂိုလ်ရဲ့ ဆွေးနွေးအကြံပေးမှုနဲ့အတူ သုတေသနစာတမ်း ရေးသားနိုင်တဲ့ အခွင့်အရေးကို ကျွန်တော် ဆုပ်ကိုင်နိုင်ခဲ့ပါတယ်။ အခွင့်အရေးပေးတဲ့ စင်တာနဲ့ အကြံဉာဏ်ပေးခဲ့တဲ့ စင်တာဒါရိုက်တာ ဒေါက်တာစောသန့်စင်ကိုလည်း ကျေးဇူးတင်ပါတယ်။ အဆိုပါ အခွင့်အရေးကနေ 'မြန်မာ ပြည်၏ အနာဂတ်ဖက်ဒရယ် ဘဏ္ဍာရေးစနစ်အား ဖန်တီးပုံဖော်ခြင်း'ဆိုတဲ့ စာတမ်းပေါ်ထွက်လာခဲ့ပါတယ်။ ယခု သုတေသနဆောင်းပါးဖြစ်တဲ့ 'ဖက်ဒရယ်ငါးနိုင်ငံ၏ အသုံးစရိတ်တာဝန်ခွဲဝေပုံများအား လေ့လာခြင်း'က စောစောက ပြောဆိုခဲ့တဲ့ သုတေသနစာတမ်းရဲ့ အခန်း(၃)ကို အခြေတည်ပြီး ပြန်လည်ရေးသားထားခြင်း ဖြစ်ပါတယ်။

အဆိုပါ သုတေသနစာတမ်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက 'ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံကို ပုံဖော်ကြည့်ခြင်း' ခေါင်းစဉ်နဲ့ ၂၀၁၈ခုနှစ်၊ မေလ၊ ၂၃ရက်နေ့က သုတေသနစာတမ်းဖတ်ပွဲအတွက် စာတမ်းများဖိတ်ခေါ်တော့ စင်တာရဲ့ သဘောတူညီချက်နဲ့အတူ တင်ပြခဲ့ပါတယ်။ ဝန်ကြီးဌာနကလည်း လက်ခံခဲ့ပါတယ်။ စာတမ်းအချောပို့ပြီး၊ ဩဂုတ်လ ၁၀ရက်၊ ၂၀၁၈ခုနှစ်မှာတော့ ဝန်ကြီးဌာနက စာတမ်းဖတ်ပွဲကို ခေတဆိုင်းငံ့ထားပါကြောင်း သတင်းထုတ်ပြန်ပြီးနောက်ပိုင်း ဆက်လက်၍အကြောင်းမပြန်တော့ပါ။ အဆိုပါအကြောင်းမှာ တစ်စုံတစ်ရာ အရေးကြီးမယ် ယူဆလို့ ရေးရပါတယ်။

အလားတူစွာ စာရေးသူအနေနဲ့လည်း ဘောဂဗေဒဘာသာရပ် (တိတိကျကျဆိုရင် ပြည်သူ့ဘဏ္ဍာရေးဘာသာရပ် (Public Finance )ကို စိတ်ဝင်စား နှစ်ခြိုက်သူဖြစ်တာနဲ့အညီ **ဖက်ဒရယ်စနစ်မှာ အစိုးရတွေဟာ ဘဏ္ဍာရေးအရ ဖက်ဒရယ်အနှစ်သာရများနှင့်အညီ ဘယ်ပုံဘယ်နည်း အလုပ်လုပ်ကြမယ်ဆိုတာ** လေ့လာခြင်းဘဲ ဖြစ်ပါသည်။

အသုံးစရိတ်တာဝန် ခွဲဝေခြင်းဟာ ဖက်ဒရယ်ဘဏ္ဍာရေးစနစ်မှာ အပိုင်း၃ခုအနက် ပထမဆုံးအပိုင်းဖြစ်ပါတယ်။ လူစိတ်ဝင်စားမှု အမြင့်ဆုံးရှိတဲ့ အပိုင်းလည်းဖြစ်ပါတယ်။ မကြာခဏ ပွဲဆူလေ့ရှိတဲ့ ပြည်ထောင်စု အာဏာနဲ့ ပြည်နယ်ရပိုင်ခွင့် အာဏာလွန်ဆွဲမှုကိုလည်း အထင်းသားမြင်ရပါမည်။ သို့သော် ဒီဆောင်းပါးမှာတော့ အလုပ်သဘောအရရယ်၊ ပြည်သူ့အကျိုးစီးပွား များများဖြစ်ထွန်းဖို့ရယ်ကိုဘဲ ဦးတည်ရေးသားပါမည်။

မြန်မာနိုင်ငံတွင် ဖက်ဒရယ်ဘဏ္ဍာရေးနဲ့ ပတ်သတ်လို့ ရေးသားထားတဲ့ စာတမ်းတွေ တွေ့သင့်သလောက် တွေ့ပါတယ်။ နိုင်ငံအလိုက် စနစ်တစ်ခုလုံးကို ဖော်ပြထားကြပါတယ်။ ကျွန်တော်က ဖန်တီးပုံဖော်ရမည့်သူများအတွက် အထောက်အကူဖြစ်စေဖို့နဲ့ ဖန်တီးပုံဖော်မည့်သူများအား အကြံဉာဏ်ပေးလို့ဆော်ရာမှာ ဖန်တီးပုံဖော်ရမည့်နေရာက ဝင်ရောက်စဉ်းစား အဖြေရှာပေးမည့်သူများအတွက် အထောက်အပံ့ဖြစ်စေဖို့ ရည်ရွယ်ပြီး နိုင်ငံတစ်ခုချင်းအလိုက် စနစ်တစ်ခုလုံးကို အစဉ်လိုက်ဖော်ပြသွားတဲ့ တင်ဆက်မှုပုံစံအစား စနစ်ရဲ့ အပိုင်းတစ်ခုမှာ ဘယ်လို တည်ဆောက်ကြတယ်ဆိုတာနဲ့ ဒီဆောင်းပါးမှာဆိုရင် အသုံးစရိတ်ကဏ္ဍတွေမှာ ဘယ်ကဏ္ဍကိုဖြင့် အစိုးရအဆင့်တွေကြား ဘယ်လိုတာဝန်ယူ ခွဲဝေဆောင်ရွက်ကြတယ်ဆိုတဲ့ ပုံစံကို ကျွန်တော်ပြောင်းလဲတင်ပြထားပါတယ်။ အသုံးစရိတ် တာဝန်ခွဲဝေမှု ပုံစံတွေရဲ့ စီးဆင်းမှုကိုလည်း တင်ပြပါမယ်။

ဒီသုတေသနဆောင်းပါးစာတမ်းငယ်ဟာ ဘယ်ကဏ္ဍကို ဘယ်အစိုးရအဆင့်က ရယူသင့်တယ်လို့ အဖြေထုတ်ပေးတဲ့ Normative article မဟုတ်ပါဘူး။ မိမိတို့ထက် ဖက်ဒရယ်စနစ်မှာ ရှေ့ကသွားခဲ့တဲ့ နိုင်ငံတွေရဲ့ အတွေ့အကြုံ အလိုက် ကျင့်သုံးမှုကို တင်ဆက်မှုပုံစံပြောင်းထားတဲ့ Descriptive article သာဖြစ်ပါတယ်။

## ၂။ အသုံးစရိတ်တာဝန် ခွဲဝေခြင်းအတွက် ပညာရပ် အယူအဆများ

ဖက်ဒရယ်လို့ပြောလိုက်တာနဲ့ အစိုးရအဆင့် (၂)ဆင့် (ဝါ) (၃)ဆင့် ရှိတတ်ပါတယ်။ တရားကိုယ်သဘောအရ ပြည်ထောင်စုအစိုးရအဆင့်၊ ပြည်နယ်(တိုင်းဒေသကြီး) အဆင့်နဲ့ ဒေသန္တရအစိုးရအဆင့်ရယ်လို့ ရှိပါတယ်။

အချို့နိုင်ငံတွေမှာ ဒေသန္တရအစိုးရအဆင့် တည်ရှိမှုကို တိုင်းပြည်ရဲ့ အခြေခံဥပဒေမှာ ဖော်ပြထားခြင်းမရှိ၊ တစ်နည်း ဒေသန္တရအစိုးရအဆင့်၏ အသုံးစရိတ်တာဝန်များကို အခြေခံဥပဒေက အာမခံပေးထားခြင်း (Constitutional guarantee) မရှိပါဘူး။ အဲ့လိုနိုင်ငံတွေမှာ ဒေသန္တရအစိုးရဟာ ပြည်နယ်အစိုးရရဲ့ လက်အောက်က အုပ်ချုပ်ရေးအဖွဲ့အစည်းအနေနဲ့သာ (Agent of State government) ၄င်း၏တာဝန်များကို ဆောင်ရွက်ရပါတယ်။

အစိုးရအဆင့်များအကြား အသုံးစရိတ်တာဝန်များ ခွဲဝေခြင်းဟာ ဖက်ဒရယ်ဘဏ္ဍာရေးစနစ်ရဲ့ ပထမအပိုင်းဖြစ်ပါတယ်။ ဒီလိုအစိုးရအဆင့်များအကြား အသုံးစရိတ်တာဝန်များ ခွဲဝေယူတာဟာ နိုင်ငံရေးအပေးအယူကနေ တဆင့်ပေါက်ဖွားလာတတ်ပြီး ထွက်လာတဲ့ နိုင်ငံရေးသဘောတူညီချက်ကို ခိုင်မာအောင် အခြေခံဥပဒေမှာ ထည့်သွင်းရေးသားကာ ခိုင်မာအောင် ပြုရပါတယ်။ ဒေသန္တရအစိုးရအဆင့်ရဲ့ အသုံးစရိတ်တာဝန်တွေကို ထည့်သွင်းရေးဆွဲထားခြင်း မရှိဘူးဆိုရင်တောင်မှ ပြည်ထောင်စုအစိုးရအဆင့်နဲ့ ပြည်နယ်အစိုးရအဆင့်အကြား အသုံးစရိတ်တာဝန်ခွဲဝေမှုကိုတော့ ခိုင်ခိုင်မာမာ ထည့်သွင်းရေးသားကြပါတယ်။ ကျွန်တော်တို့ရဲ့ ၂၀၀၈ အခြေခံဥပဒေမှာ ဇယား ၁၊၂၊၅ ပါရှိလို့ အသွင်သဏ္ဌာန်အရ ဖက်ဒရယ်စနစ်ဆန်တယ်လို့ ပြောလို့ရပါတယ်။ အနှစ်သာရအရကတော့ ဖက်ဒရယ်ငါးနိုင်ငံရဲ့ အသုံးစရိတ်တာဝန် ခွဲဝေယူခြင်းတို့ကို လေ့လာရင်း ပုံပေါ်လာပါလိမ့်မယ်။ လောလောဆယ်တော့ အသုံးစရိတ်တာဝန်တွေကို ခွဲဝေရာမှာ ဘယ်ကဏ္ဍတွေကို ဘယ်လိုအချက်တွေကြောင့် ဘယ်အစိုးရအဆင့်က တာဝန်ယူသင့်တယ်ဆိုတာကို ပြည်သူ့ဘဏ္ဍာရေးဘာသာရပ်က ချဥ်းကပ်သလို ပညာရှင်အန်ဝါရှာရဲ့ အလိုအတိုင်း လေ့လာကြည့်ပါမယ်။

ပြည်သူ့ဘဏ္ဍာရေးဘာသာရပ်အရ အစိုးရဆိုတာဟာ ပြည်သူလူထုက ထမ်းဆောင်တဲ့ အခွန်နဲ့အခတွေကို သုံးပြီး ပြည်သူ့ကုန်စည် (Public goods) နဲ့ ပြည်သူ့ဝန်ဆောင်မှု (Public services) တွေကို ပြည်သူလူထုအတွက် ပြဋ္ဌာန်းပေးရပါတယ်။ ဘယ်လိုပြည်သူ့ကုန်စည်နဲ့ ပြည်သူ့ဝန်ဆောင်မှုတွေကို ပြည်ထောင်စုအစိုးရက တာဝန်ယူပြီး ဘယ်လိုပြည်သူ့ကုန်စည်နဲ့ ပြည်သူ့ဝန်ဆောင်မှုတွေကို ပြည်နယ်အစိုးရက တာဝန်ယူရမယ်ဆိုတာ နိုင်ငံရေးအင်အားစုများက ဆွေးနွေးငြင်းခုံပြီး အဖြေရှာရပါတယ်။ အဖြေရှာသူများက နိုင်ငံရေးသမားတွေဖြစ်ပေမယ့် အသုံးစရိတ်တာဝန် ခွဲဝေခြင်းကိုတော့ ဖက်ဒရယ်ဘဏ္ဍာရေး သဘောတရားများအတိုင်း ပြည်သူ့အကျိုးစီးပွားအတွက် ခွဲဝေကြရပါမယ်။

ပြည်နယ်အစိုးရဟာ ၄င်းပြည်နယ်အစိုးရဇရိယာအတွင်း ပြီးစီးအောင်မြင်နိုင်တဲ့ အရေးအရာများ၊ ပြည်နယ် နယ်နမိတ်မကျော်သော ပြည်သူ့ကုန်စည်နဲ့ ပြည်သူ့ဝန်ဆောင်မှုများ ပြဋ္ဌာန်းရမယ့် ကဏ္ဍများကို ပြည်နယ်အစိုးရကသာ အဆိုပါအသုံးစရိတ် တာဝန်မျိုးတွေကို ရယူသင့်တယ်။ ဘာကြောင့်လဲဆိုတော့ ပြည်နယ်အစိုးရဟာ ၄င်းတို့

သက်ဆိုင်ရာ နယ်မြေအတွင်းမှာ ပြည်ထောင်စုအစိုးရထက်ပိုပြီး ပြည်သူလူထုနဲ့ နီးစပ်တဲ့အတွက် ပြည်သူလူထုရဲ့ ဦးစားပေးမှုတွေ၊ ဆန္ဒတွေကို ပိုသိပါတယ်။ နယ်မြေအတွင်း ပြည်သူလူထုကို ပိုတာဝန်ခံရတယ်။ ပိုတာဝန်ခံနိုင်ပါတယ်။ ပြဋ္ဌာန်းပေးထားတဲ့ ပြည်သူ့ကုန်စည်နဲ့ ပြည်သူ့ဝန်ဆောင်မှုတွေအတွက် ပြည်သူလူထုရဲ့ တုံ့ပြန်မှုတွေကို ပိုပြီး မြန်မြန်ဆန်ဆန် သိနိုင်ပြီးတော့ ပြန်လည်ဖြည့်ဆည်းပေးနိုင်ပါတယ်။ ပြည်နယ်အချင်းချင်းအကြား၊ ပြည်သူလူထုအတွက် အုပ်ချုပ်မှုစွမ်းဆောင်ရည်များ အပြိုင်အဆိုင် တိုးမြှင့်ကြတာတွေ၊ ပြိုင်ဆိုင်မှု မြင့်တက်လာတာနဲ့ ရလဒ်တစ်ခုဖြစ်တဲ့ အသစ်တီထွင်ဖန်တီးမှု အားကောင်းလာပါမယ်။ ဒီလိုအကြောင်းရင်းတွေကြောင့် ပြည်နယ် အစိုးရက နိုင်နိုင်နင်းနင်းအုပ်ချုပ်နိုင်မယ်။ ပြည်နယ်ပြင်ပ အကျိုးသက်ရောက်မှု မရှိဘူး။ စွမ်းဆောင်ရည်အပြည့်နဲ့ လည်ပတ်နိုင်မယ်။ ပြည်နယ်အုပ်ချုပ်ရေး ကုန်ကျစရိတ်က ပြည်နယ်နေ ပြည်သူလူထုရရှိမယ့် အကျိုးအမြတ်ထက် လျော့နည်းမယ်ဆိုရင် အထက်ပါ အခြေအနေများနဲ့ ကိုက်ညီမယ့် ပြည်သူ့ကုန်စည်နဲ့ ပြည်သူ့ဝန်ဆောင်မှုများကို ပြည်နယ်အစိုးရတာဝန်ယူခြင်းက ပြည်ထောင်စုအစိုးရ တာဝန်ယူခြင်းထက် ပြည်နယ်နေ ပြည်သူလူထုအတွက် ပိုပြီး အကျိုးများပါတယ်။ (Shah, 2006)

ပြည်နယ်အတွင်း ပုဂ္ဂလိကလုပ်ငန်းများက ထုတ်လုပ်ပြီး အစိုးရက ဖြန့်ဖြူးရတဲ့ ပြည်သူ့ကုန်စည်တွေ (Quasi-public goods) ကို ပြည်နယ်အစိုးရကသာ တာဝန်ယူသင့်ပါတယ်။ (Shah, 2006) သို့သော် နိုင်ငံတွင်း ဘုံဈေးကွက် ထိန်းသိမ်းရေး၊ တစ်နည်း နိုင်ငံတွင်း ပြည်နယ်ဖြတ်ကျော် ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုတို့အတွက် ဥပဒေ၊ နည်းဥပဒေနဲ့ စည်းမျဥ်းတွေကို ပြည်ထောင်စုအစိုးရကသာ တာဝန်ယူသင့်ပါတယ်။ (ပညာရှင် ရော်ဘင်ဘရော့ဝေးအလိုအရ) ပြည်တွင်းတွင် ပြည်နယ်ဖြတ်ကျော်ကာ ကုန်စည်နှင့်ဝန်ဆောင်မှုများ လွတ်လွတ်လပ်လပ် စီးဆင်းကူးသန်းစေရေးအတွက် အခြေခံဥပဒေအရ အာမခံချက်များ ပြဋ္ဌာန်းဖို့ အကြံပြုထားပါတယ်။ (Shah, 2006)

စီးပွားရေးတည်ငြိမ်ဖို့အတွက် အလွန်အရေးကြီးတဲ့ ငွေကြေးမူဝါဒနှင့် ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးမူဝါဒများကို ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ (အုပ်ချုပ်ရေးမဏ္ဍိုင်)က တာဝန်မယူရဘဲ လွတ်လပ်ပြီး အမှီအခိုကင်းသော ဗဟိုဘဏ်ကသာ တာဝန်ယူရပါတယ်။(Shah, 2006) ငွေရေးကြေးရေးမူဝါဒမှာ အစိုးရအဆင့်က တာဝန်မယူရဆိုသော်လည်း အချို့ဖက်ဒရယ် နိုင်ငံမှာ ပြည်နယ်အစိုးရက ငွေချေးစာချုပ် ထုတ်ရောင်းခွင့် ရှိနေတာကို တွေ့ရပါတယ်။ ဥပမာ–ဩစတြေးလျ။

## ၃။ ဖက်ဒရယ်ငါးနိုင်ငံ၏ အသုံးစရိတ်တာဝန် ခွဲဝေပုံများကို ပုံစံထုတ် လေ့လာခြင်း

ယခုစာတမ်းတွင် လေ့လာမယ့် ဖက်ဒရယ်ငါးနိုင်ငံကတော့ ကနေဒါ၊ ဂျာမနီ၊ သြစတြေးလျ၊ အိန္ဒိယနဲ့ နိုင်ဂျီးရီးယားတို့ပါဘဲ။ လေ့လာမယ့် ဖက်ဒရယ်ငါးနိုင်ငံဟာ အသုံးစရိတ် တာဝန်ခွဲဝေပုံချင်း လုံးဝထပ်တူညီတာလည်း မရှိ၊ လုံးဝကွဲပြားတာမျိုးလည်း မဟုတ်ဘဲ၊ အတိုင်းအတာတစ်ခု လုပ်ငန်းသဘောအရ ဆင်တူမှု ရှိပြီး နိုင်ငံအသီးသီး၏ နိုင်ငံရေး ရေခံမြေခံ၊ စီးပွားရေး ရေခံမြေခံ၊ အခြားသော အခြေအနေများအပေါ် မူတည်ပြီး ကွဲပြားမှုတွေလည်း ရှိပါတယ်။ စာရေးသူအနေနဲ့ အဆိုပါ ငါးနိုင်ငံစလုံးရဲ့ အသုံးစရိတ် တာဝန်ခွဲဝေပုံများကို လေ့လာပြီး ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ဒေသန္တရအစိုးရ အဆင့်ဆင့်အကြား အသုံးစရိတ်တာဝန် သတ်မှတ်ပုံ အမျိုးအစား (၈)မျိုး ထုတ်ပြီး တင်ပြချင်ပါတယ်။ အဆိုပါ အသုံးစရိတ်တာဝန် ခွဲဝေသတ်မှတ်ပုံ (၈)မျိုးမှာ –

(၁) ပြည်ထောင်စုအစိုးရကသာလျှင် ရာနှုန်းပြည့် သီးခြားကျင့်သုံးခွင့် (ဥပဒေပြုခွင့် + တာဝန်ယူအုပ်ချုပ်ခွင့်) ရှိသော အသုံးစရိတ်ကဏ္ဍများ စာရင်း (Union/Federal Exclusive Power)

(၂) ပြည်နယ်အစိုးရကသာလျှင် ရာနှုန်းပြည့် သီးခြားကျင့်သုံးခွင့် (ဥပဒေပြုခွင့် + တာဝန်ယူအုပ်ချုပ်ခွင့်)ရှိသော အသုံးစရိတ်ကဏ္ဍများ စာရင်း (State Exclusive Power)

(၃) (ပြည်ထောင်စု–ပြည်နယ်၊ ပြည်နယ်–ဒေသန္တရ၊ ပြည်ထောင်စု–ဒေသန္တရ၊ ပြည်ထောင်စု–ပြည်နယ်–ဒေသန္တရ) ပူးတွဲဥပဒေပြုပြီး ပူးတွဲတာဝန်ယူ အုပ်ချုပ်သော ပူးတွဲလုပ်ပိုင်ခွင့် အာဏာများ (နှစ်ဆင့် သို့မဟုတ် သုံးဆင့် အတူပူးတွဲ ဥပဒေပြု၊ အဆိုပါ ဥပဒေပူးတွဲပြုသည့် နှစ်ဆင့် သို့မဟုတ် သုံးဆင့်ကပင် ပူးတွဲတာဝန်ယူ အုပ်ချုပ်ခြင်း) ရှိသော အသုံးစရိတ်ကဏ္ဍများ စာရင်း

(၄) ဒေသန္တရအစိုးရက သီးခြားလုပ်ပိုင်ခွင့် အာဏာရှိသော အသုံးစရိတ်ကဏ္ဍများစာရင်း (Local Exclusive Power)

(၅) ပြည်ထောင်စုအစိုးရက သီးခြားဥပဒေပြုအာဏာကို ပိုင်ဆိုင်ထားပြီး တာဝန်ယူ အုပ်ချုပ်ရာတွင်မူ ပြည်ထောင်စုအစိုးရနှင့် အခြားအစိုးရအဆင့်တစ်ခု (သို့မဟုတ်) နှစ်ခု ပူးတွဲ၍လည်းကောင်း၊ ဒေသန္တရ အစိုးရကသော်လည်းကောင်း၊ အကောင်အထည်ဖော်ရသည့် အသုံးစရိတ်ကဏ္ဍများစာရင်း

(၆) ပြည်နယ်အစိုးရကသာ သီးခြားဥပဒေပြုခွင့်အာဏာကို ပိုင်ဆိုင်ထားပြီး တာဝန်ယူအုပ်ချုပ်ရာတွင်မူ ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရ ပူးတွဲ၍လည်းကောင်း၊ ဒေသန္တရအစိုးရကလည်းကောင်း၊ အကောင်အထည်ဖော်ရသည့် အသုံးစရိတ်ကဏ္ဍများ စာရင်း

(၇) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးတွဲဥပဒေပြုကြပြီး ပြည်ထောင်စုအစိုးရကသော်လည်းကောင်း၊ ပြည်နယ်အစိုးရကသော်လည်းကောင်း၊ ဒေသန္တရအစိုးရကလည်းကောင်း၊ တာဝန်ယူ အကောင်အထည်ဖော်ရသည့် အသုံးစရိတ်ကဏ္ဍများ စာရင်း

(၈) ပြည်ထောင်စုအစိုးရ – ပြည်နယ်အစိုးရ – ဒေသန္တရအစိုးရ ပူးတွဲဥပဒေပြုကြပြီး ပြည်နယ်အစိုးရကလည်းကောင်း၊ ပြည်ထောင်စုအစိုးရ – ပြည်နယ်အစိုးရ ပူးတွဲပြီးလည်းကောင်း အကောင်အထည်ဖော်ကြရသည့် အသုံးစရိတ်ကဏ္ဍများစာရင်း

ရှင်းရှင်းလင်းလင်းဖြစ်စေဖို့အတွက် အသုံးစရိတ်ကဏ္ဍများ စာရင်းပုံစံ (၀၁) အသုံးစရိတ်တာဝန် ခွဲဝေခြင်းပုံစံ တစ်မျိုးစီအား ဇယားတစ်ခုစီဖြင့် တင်ပြပါမယ်။

**(၁)** ပြည်ထောင်စုအစိုးရကသာလျှင် ရာနှုန်းပြည့် သီးခြားကျင့်သုံးခွင့် (ဥပဒေပြုခွင့် အပေါင်း တာဝန်ယူအုပ်ချုပ်ခွင့်) ရှိသော အသုံးစရိတ်ကဏ္ဍများ စာရင်း (Union/Federal Exclusive Power)

| နိုင်ငံ | အသုံးစရိတ်ကဏ္ဍများ |
|---|---|
| ကနေဒါ | ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်း၊ နိုင်ငံသားဖြစ်မှု၊ ကုန်သွယ်ရေး၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးကဏ္ဍ၊ သန်းခေါင်စာရင်းနှင့် စာရင်းအင်း၊ မူပိုင်ခွင့်များ၊ ရေကြောင်းပို့ဆောင်ရေးနှင့် ကမ်းလွန်လုပ်ငန်း၊ အလုပ်လက်မဲ့များ၏ အာမခံ၊ ဒေဝါလီခံမှု၊ လူနည်းစု အင်ဒီးယန်းများအရေး၊ လက်ထပ်ထိမ်းမြားမှုနှင့် ကွာရှင်းပြတ်စဲခြင်း၊ ရာဇဝတ်မှု ဥပဒေများနှင့် တရားမမှုများ။ |
| ဂျာမနီ | ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ စာတိုက်နှင့်ဆက်သွယ်ရေးလုပ်ငန်း၊ နိုင်ငံသားဖြစ်မှု။ |
| ဩစတြေးလျ | နိုင်ငံခြားရေး၊ စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်း၊ လူမှုဖူလုံရေး၊ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေး။ |
| အိန္ဒိယ | ကာကွယ်ရေး၊ နိုင်ငံခြားရေး၊ စာတိုက်နှင့်ဆက်သွယ်ရေးလုပ်ငန်း၊ နိုင်ငံသားဖြစ်မှု၊ ကုန်သွယ်ရေး၊ ဘဏ်လုပ်ငန်းနှင့် ငွေကြေးကဏ္ဍ၊ သန်းခေါင်စာရင်းနှင့် စာရင်းအင်း၊ မူပိုင်ခွင့်များ၊ ရေကြောင်းပို့ဆောင်ရေးနှင့် ကမ်းလွန်လုပ်ငန်း၊ အဓိကသတ္တုများ တူးဖော်ရေး၊ ပြည်နယ်ဖြတ်ကျော် စီးဆင်းသည့် မြစ်များအရေး၊ ဘဏ်လုပ်ငန်းနှင့် ပြည်ပထွက်ခွာရေး။ |
| နိုင်ဂျီးရီးယား | ကာကွယ်ရေး။ |

Inya Economics

(၂) ပြည်နယ်အစိုးရကသာလျှင် ရာနှုန်းပြည့် သီးခြားကျင့်သုံးခွင့် (ဥပဒေပြုခွင့် + တာဝန်ယူအုပ်ချုပ်ခွင့်)ရှိသော အသုံးစရိတ်ကဏ္ဍများ စာရင်း (State Exclusive Power)

| နိုင်ငံများ | အသုံးစရိတ်ကဏ္ဍများ |
|---|---|
| ကနေဒါ | တရားရေးဌာန၊ နိုင်ငံသားနှင့် ပုဂ္ဂလိက မူပိုင်ခွင့်များ၊ ကုမ္ပဏီများနှင့် အသင်းအဖွဲ့ ဖွဲ့စည်းခြင်း၊ ကျန်းမာရေး၊ အများပြည်သူပိုင် မြေများနှင့် သဘာဝသယံဇာတ၊ လိုင်စင်၊ မြူနီစပယ်။ |
| ဂျာမနီ | တရားဥပဒေ စိုးမိုးရေး၊ ပြည်သူ့လုံခြုံရေးနှင့် ရဲအရေး၊ စာသင်ကျောင်းများ၊ ပညာရေးနှင့် တက္ကသိုလ်များ၊ ယဉ်ကျေးမှုအရေး။ |
| ဩစတြေးလျ | တရားဥပဒေ စိုးမိုးရေး၊ ပြည်သူ့လုံခြုံရေးနှင့် ရဲအရေး၊ ကျန်းမာရေး၊ စာသင်ကျောင်းများ၊ ပညာရေးနှင့် တက္ကသိုလ်များ။ |
| အိန္ဒိယ | တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့လုံခြုံရေးနှင့် ရဲအရေး၊ တရားရေးဌာန၊ နိုင်ငံသားနှင့် ပုဂ္ဂလိကမူပိုင်ခွင့်များ၊ ကုမ္ပဏီများနှင့် အသင်းအဖွဲ့ ဖွဲ့စည်းခြင်း၊ အကျဉ်းထောင်များနှင့် ပြန်လည်ပြုပြင်ရေး စခန်းများ။ |
| နိုင်ဂျီးရီးယား | – |

(၃) ပြည်ထောင်စု–ပြည်နယ်၊ ပြည်နယ်–ဒေသန္တရ၊ ပြည်ထောင်စု–ဒေသန္တရ၊ ပြည်ထောင်စု–ပြည်နယ်–ဒေသန္တရ) ပူးတွဲဥပဒေပြုပြီး ပူးတွဲတာဝန်ယူ အုပ်ချုပ်သော ပူးတွဲလုပ်ပိုင်ခွင့် အာဏာများ (နှစ်ဆင့် ဝါ သုံးဆင့် အတူပူးတွဲ ဥပဒေပြု၊ အဆိုပါ ဥပဒေပူးတွဲပြုသည့် နှစ်ဆင့် ဝါ သုံးဆင့်ကပင် ပူးတွဲတာဝန်ယူ အုပ်ချုပ်ခြင်း) ရှိသော အသုံးစရိတ်ကဏ္ဍများ စာရင်း

| နိုင်ငံများ | ပူးတွဲသည့် အစိုးရအဆင့်များ | အသုံးစရိတ်ကဏ္ဍများ |
|---|---|---|
| ကနေဒါ | ပြည်ထောင်စု၊ ပြည်နယ် | ပင်စင်ခံစားခွင့်နှင့် စိုက်ပျိုးရေး။ |
| ဩစတြေးလျ | ပြည်ထောင်စု၊ ပြည်နယ် | စိုက်ပျိုးရေး၊ သစ်တော၊ ငါးဖမ်းလုပ်ငန်း၊ သတ္တုတူးဖော်ရေးနှင့် ထုတ်လုပ်ရောင်းချမှု၊ ဆောက်လုပ်ရေး။ |
| | ပြည်နယ်၊ ဒေသန္တရ | အိမ်ရာနှင့် လူမှုအဖွဲ့ပိုင် အဆောက်အအုံများ၊ အပန်း |

| | | |
|---|---|---|
| | | ဖြေရေးနှင့် ယဉ်ကျေးမှု |
| အိန္ဒိယ | ပြည်ထောင်စု၊ ပြည်နယ် | ရာဇဝတ်မှု ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံသား ဥပဒေ လုပ်ထုံးလုပ်နည်းများ၊ လက်ထပ်ထိမ်းမြားခြင်းနှင့် ကွာရှင်းပြတ်စဲခြင်း၊ ဒေဝါလီခံခြင်းနှင့် ကြွေးမြီ မဆပ်နိုင်ခြင်း၊ ပညာရေး၊ ကျန်းမာရေးဝန်ဆောင်မှုများ၊ စာချုပ်များ၊ သဘာဝပတ်ဝန်းကျင်နှင့် သစ်တောများ၊ စီးပွားရေးနှင့် လူမှုရေးအစီအမံများ ရေးဆွဲခြင်း၊ လူမှုဖူလုံရေးနှင့် အာမခံ၊ လျှပ်စစ်မီး။ |
| နိုင်ဂျီးရီးယား | ပြည်ထောင်စု၊ ပြည်နယ်၊ ဒေသန္တရ | ကျန်းမာရေး။ |
| ဂျာမနီ | – | – |

(၄) ဒေသန္တရအစိုးရက သီးခြားလုပ်ပိုင်ခွင့် အာဏာရှိသော အသုံးစရိတ်ကဏ္ဍများစာရင်း (Local Exclusive Power)

| **နိုင်ငံများ** | **အသုံးစရိတ်ကဏ္ဍများ** |
|---|---|
| ဂျာမနီ | ဒေသအဆင့် လမ်းမများ၊ အားကစားနှင့် ဒေသခံပြည်သူများ အပန်းဖြေနေရာများ၊ စာသင်ကျောင်း တည်ဆောက်ရေး၊ ဒေသခံပြည်သူများအတွက် အိမ်ရာများ။ |
| ကနေဒါ | – |
| ဩစတြေးလျ | – |
| အိန္ဒိယ | – |
| နိုင်ဂျီးရီးယား | – |

(၅) ပြည်ထောင်စုအစိုးရက သီးခြားဥပဒေပြုအာဏာကို ပိုင်ဆိုင်ထားပြီး တာဝန်ယူ အုပ်ချုပ်ရာတွင်မူ ပြည်ထောင်စုအစိုးရနှင့် အခြားအစိုးရအဆင့်တစ်ခု (သို့မဟုတ်) အစိုးရအဆင့်နှစ်ခု ပူးတွဲ၍လည်းကောင်း၊ ဒေသန္တရ အစိုးရကသော်လည်းကောင်း၊ အကောင်အထည်ဖော်ရသည့် အသုံးစရိတ်ကဏ္ဍများစာရင်း

| နိုင်ငံများ | တာဝန်ယူ အကောင်အထည်ဖော်သည့် အစိုးရအဆင့်များ | အသုံးစရိတ်ကဏ္ဍများ |
|---|---|---|
| ဂျာမနီ | ပြည်ထောင်စု၊ ပြည်နယ် | လူမှုဖူလုံရေး။ |
| | ပြည်ထောင်စု၊ ပြည်နယ်၊ ဒေသန္တရ | ကျန်းမာရေးနှင့် လူမှုထောက်ပံ့ကြေး။ |
| | ဒေသန္တရ | အမှိုက်စွန့်ပစ်မှု။ |
| နိုင်ဂျီးရီးယား | ပြည်ထောင်စု၊ ပြည်နယ် | အထက်တန်း ပညာရေး၊ အဆင့်မြင့်ပညာရေး။ |
| ကနေဒါ | – | – |
| ဩစတြေးလျ | – | – |
| အိန္ဒိယ | – | – |

(၆) ပြည်နယ်အစိုးရကသာ သီးခြားဥပဒေပြုခွင့်အာဏာကို ပိုင်ဆိုင်ထားပြီး တာဝန်ယူအုပ်ချုပ်ရာတွင်မူ ပြည်နယ်အစိုးရနှင့် ဒေသန္တရအစိုးရ ပူးတွဲ၍လည်းကောင်း၊ ဒေသန္တရအစိုးရကလည်းကောင်း၊ အကောင်အထည်ဖော်ရသည့် အသုံးစရိတ်ကဏ္ဍများ စာရင်း

| နိုင်ငံများ | တာဝန်ယူ အကောင်အထည်ဖော်သည့် အစိုးရအဆင့်များ | အသုံးစရိတ် ကဏ္ဍများ |
|---|---|---|
| ကနေဒါ | ပြည်နယ်၊ ဒေသန္တရ | ပညာရေးနှင့် လူမှုဖူလုံရေး။ |
| | ဒေသန္တရ | ဒေသန္တရ ဝန်ဆောင်မှုများ။ |
| အိန္ဒိယ | ပြည်နယ်၊ ဒေသန္တရ | ပြည်သူ့ကျန်းမာရေးနှင့် ရေကောင်းရေသန့် ရရှိရေး၊ စိုက်ပျိုးရေးနှင့် တိရိစ္ဆာန်မွေးမြူရေး၊ ရေ၊ သစ်တောများ၊ အဓိကမဟုတ်သော သတ္တုများ၊ ပညာရေး၊ လူမှုဖူလုံရေး၊ ပြည်သူပိုင်မြေနှင့် သဘာဝသယံဇာတများ၊ စည်ပင်သာယာ၊ ရေပေးဝေရေး။ |

| | | |
|---|---|---|
| – | ဒေသန္တရ | ဒေသန္တရ ဝန်ဆောင်မှုများ။ |
| ဂျာမနီ | – | – |
| ဩစတြေးလျ | – | – |
| နိုင်ဂျီးရီးယား | – | – |

(၇) ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးတွဲဥပဒေပြုကြပြီး ပြည်ထောင်စုအစိုးရကသော်လည်းကောင်း၊ ပြည်နယ်အစိုးရကသော်လည်းကောင်း၊ ဒေသန္တရအစိုးရကလည်းကောင်း၊ တာဝန်ယူ အကောင်အထည်ဖော်ရသည့် အသုံးစရိတ်ကဏ္ဍများ စာရင်း

| **နိုင်ငံများ** | **တာဝန်ယူ အကောင်အထည်ဖော်သည့် အစိုးရအဆင့်များ** | **အသုံးစရိတ်ကဏ္ဍများ** |
|---|---|---|
| ကနေဒါ | ပြည်ထောင်စု | လူဝင်မှုကြီးကြပ်ရေး |
| နိုင်ဂျီးရီးယား | ပြည်ထောင်စု | တရားဥပဒေစိုးမိုးရေး |
| | ပြည်နယ် | မီးဘေးအန္တရာယ် ကာကွယ်ရေး ဝန်ဆောင်မှုများ |
| | ဒေသန္တရ | မူလတန်းပညာရေး |
| ဂျာမနီ | – | – |
| ဩစတြေးလျ | – | – |
| အိန္ဒိယ | – | – |

(၈) ပြည်ထောင်စုအစိုးရ – ပြည်နယ်အစိုးရ – ဒေသန္တရအစိုးရ ပူးတွဲဥပဒေပြုကြပြီး ပြည်နယ်အစိုးရကလည်းကောင်း၊ ပြည်ထောင်စုအစိုးရ – ပြည်နယ်အစိုးရ ပူးတွဲပြီးလည်းကောင်း အကောင်အထည်ဖော်ကြရသည့် အသုံးစရိတ်ကဏ္ဍများစာရင်း

| **နိုင်ငံများ** | **တာဝန်ယူ အကောင်အထည်ဖော်သည့် အစိုးရအဆင့်များ** | **အသုံးစရိတ်ကဏ္ဍများ** |
|---|---|---|
| ဂျာမနီ | ပြည်ထောင်စု၊ ပြည်နယ် | ပြည်သူ့ဘဏ္ဍာငွေဖြင့် မတည်ရင်းနှီးသော သုတေသနများ။ |

| | | |
|---|---|---|
| | ပြည်နယ် | ဒေသတွင်း စီးပွားရေးမူဝါဒ၊ ကမ်းရိုးတန်း ပြုပြင် ထိန်းသိမ်းခြင်း၊ စိုက်ပျိုးရေး မူဝါဒ။ |
| ကနေဒါ | – | – |
| ဩစတြေးလျ | – | – |
| အိန္ဒိယ | – | – |
| နိုင်ဂျီးရီးယား | – | – |

အထက်ပါဇယားများကို ကြည့်ရင် ဇယား ၁၊၂၊၃၊၄ တို့ဟာ ဥပဒေပြုတဲ့ အစိုးရအဆင့်(တွေ)နဲ့ အကောင်အထည် ဖော်တဲ့ အစိုးရအဆင့်(တွေ)ဟာ အတူတူပါဘဲ။ ဇယား(၁)မှာ ပြည်ထောင်စုအဆင့်က ဥပဒေပြုပြီး ပြည်ထောင်စု အဆင့်ကသာလျှင် တာဝန်ယူ အကောင်အထည်ဖော်ပါတယ်။ ဒါကြောင့် ၄င်းကို ပြည်ထောင်စုက သီးခြားရထား တဲ့ အာဏာ (Union/Federal Exclusive Power) လို့ ခေါ်ပါတယ်။

ဇယား(၂)ကတော့ ပြည်နယ်အစိုးရကပဲ ဥပဒေပြုပြီး ပြည်နယ်အစိုးရကသာ တာဝန်ယူ အကောင်အထည်ဖော်ပါတယ်။ ဒါကြောင့် ၄င်းကို ပြည်နယ်က သီးခြားရထားတဲ့ အာဏာ (State Exclusive Power) လို့ ခေါ်ပါတယ်။

ဇယား(၃)ကတော့ အစိုးရအဆင့် ၂ ဆင့်ကဖြစ်စေ၊ အစိုးရအဆင့် ၃ဆင့်လုံးကဖြစ်စေ ဥပဒေပြုပြီး အဆိုပါ ပူးတွဲဥပဒေပြုထားတဲ့ အစိုးရအဆင့်တွေကဘဲ အတူတူပူးတွဲပြီး တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်ပါတယ်။ အဲ့ဒါကို ရာနှုန်းပြည့် ပူးတွဲ အာဏာလို့ သတ်မှတ်မယ်ဆို သတ်မှတ်လို့ ရပါတယ်။ ပူးတွဲအာဏာကိုတော့ Concurrent Power လို့ ခေါ်ပါတယ်။

ဇယား (၄)ကတော့ ဒေသန္တရအစိုးရကသာ သီးခြားဥပဒေပြုပြီး တာဝန်ယူအုပ်ချုပ်တဲ့ အသုံးစရိတ်ကဏ္ဍများ စာရင်းဖြစ်ပါတယ်။

ဇယား (၅)မှာ ပြည်ထောင်စုအစိုးရက သီးခြားဥပဒေပြုပါတယ်။ တာဝန်ယူ အကောင်အထည် ဖော်ရာမှာတော့ ပြည်ထောင်စု–ပြည်နယ် ပူးတွဲ၊ ပြည်ထောင်စု–ပြည်နယ်–ဒေသန္တရ ပူးတွဲ၊ ဒေသန္တရကသာ အကောင်အထည်ဖော် ရပါတယ်။ သက်ဆိုင်ရာကဏ္ဍရဲ့ မူဝါဒကိုတော့ ဥပဒေပြုခြင်းအာဏာ ကိုင်ဆောင်ခြင်းနဲ့အတူ ပြည်ထောင်စု အစိုးရက ချုပ်ကိုင်ထားပါတယ်။

ဇယား (၆)မှာတော့ ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုအဆင့်တစ်ခုတည်းက ကိုင်တွယ်ပါတယ်။ အလားတူစွာဘဲ ဇယား (၇)မှာ ဥပဒေပြုခွင့်အာဏာကို ပြည်နယ်အဆင့်က ကိုင်တွယ်ထားတယ်။ ဒါကြောင့် ဥပဒေပြုခွင့်အာဏာကိုင်ဆွဲထားတဲ့ အစိုးရအဆင့် ပြောင်းလဲမှုကို လစ်လျူရှုရင် ဇယား (၆)နှင့် ဇယား(၇)တို့ရဲ့ အသုံးစရိတ်တာဝန်ခွဲဝေပုံဟာ အတော်ဆင်တူပါတယ်။ ပြည်ထောင်စုအစိုးရနေရာမှာ ပြည်နယ်အစိုးရက ဝင်ရောက်နေရာယူပြီး ပြည်နယ်–ဒေသန္တရပူးတွဲ၊ ဒေသန္တရ သက်သက်ဖြစ်ဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရတယ်။ ဇယားရဲ့ စီးဆင်းပုံဟာ ဆင်တူပေမယ့် ဇယားနှစ်ခုကို ကျင့်သုံးတဲ့ နိုင်ငံချင်းတော့ တူညီခြင်း မရှိပါဘူး။

ဇယား (၇)မှာ ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရတို့ ပူးတွဲဥပဒေပြုပြီး ပြည်ထောင်စုအစိုးရက ဖြစ်စေ၊ ပြည်နယ်အစိုးရကဖြစ်စေ၊ ဒေသန္တရအစိုးရကဖြစ်စေ၊ တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်တဲ့ ပုံစံပါဘဲ။ ဇယားပါ တကယ်ဥပဒေပြုကြရင် ပူးတွဲဥပဒေ ပြုတယ်ဆိုတာဟာ ပြည်ထောင်စုနဲ့ ပြည်နယ်တို့ ပူးတွဲပြီး မူဝါဒချ မှတ်တယ်လို့ ယူဆရပါတယ်။ ပူးတွဲပြီး ချမှတ်ထားတဲ့ အဆိုပါမူဝါဒကို အကောင်အထည်ဖော် ဆောင်ရွက်တဲ့ အခါမှာတော့ အုပ်ချုပ်ဖို့ ဖြစ်နိုင်စွမ်းပေါ် မူတည်ပြီး သတ်မှတ်ထားတဲ့ အစိုးရအဆင့်က တာဝန်ယူတာဖြစ်တယ် လို့ ယူဆလို့ရပါတယ်။

ဇယား (၈)မှာတော့ ပြည်ထောင်စုအစိုးရ – ပြည်နယ်အစိုးရ – ဒေသန္တရအစိုးရတို့ အစိုးရ(၃)ဆင့်လုံး ပူးတွဲဥပဒေ ပြုကြပြီး အကောင်အထည်ဖော် ဆောင်ရွက်ရာမှာတော့ ပြည်ထောင်စု –ပြည်နယ်ပူးတွဲဖြစ်စေ၊ ပြည်နယ်အစိုးရကဖြစ်စေ၊ တာဝန်ယူတဲ့ ပုံစံဖြစ်ပါတယ်။ ပူးတွဲဥပဒေပြုတာဟာ ပူးတွဲပြီး မူဝါဒချမှတ်တာဘဲလို့ ယူဆလို့ရတာ ကြောင့် ပြည်ထောင်စုကသာ လွှမ်းမိုးချုပ်ကိုင်မှု မရှိရင် အစိုးရအဆင့်များအကြား အပြိုင်သဘော ရပ်တည်မှု အစား ပူးပေါင်းဆောင်ရွက်မှု အသွင်ကို ဆောင်ပါတယ်။

ဇယား ၁၊ ၂၊ ၄၊ ၅၊ ၆မှာ အစိုးရအဆင့် တစ်ခုတည်းက ဥပဒေပြုကြပြီး ဇယား ၃၊၇၊၈ မှာတော့ အစိုးရအဆင့် တစ်ဆင့်ထက်ပိုပြီး ပူးတွဲဥပဒေပြုကြပါတယ်။ ပြည်ထောင်စုအဆင့်နဲ့ အခြားအစိုးရအဆင့်တို့ ပူးတွဲဥပဒေပြုရာမှာ ပြည်ထောင်စုအဆင့်ရဲ့ အပြုအမူဟာ လုပ်ငန်းဆောင်တာ ပြီးမြောက်အောင်မြင်ဖို့အတွက် အတော့်ကို အရေးကြီးပါတယ်။

လေ့လာတဲ့ ဖက်ဒရယ်(၅)နိုင်ငံမှာ ဘယ်နိုင်ငံကမှ ပုံစံ(၈)မျိုးလုံး မကျင့်သုံးပါဘူး။ နိုင်ငံအလိုက် ကျင့်သုံးတဲ့ ပုံစံ တွေကို ဖော်ပြပါမယ်။ အနည်းဆုံး ပုံစံ(၃)မျိုးမှ အများဆုံး ပုံစံ(၅)မျိုးအထိ ကျင့်သုံးကြပါတယ်။ ကနေဒါနိုင်ငံက ပုံစံ(၁၊၂၊၃၊၆၊၇)၊ ဩစတြေးလျနိုင်ငံက ပုံစံ(၁၊၂၊၃)၊ ဂျာမနီက ပုံစံ(၁၊၂၊၄၊၅၊၈)၊ အိန္ဒိယက ပုံစံ(၁၊၂၊၃၊၆)နဲ့ နိုင်ဂျီးရီးယားက ပုံစံ(၁၊၃၊၅၊၇)တို့ ဖြစ်ပါတယ်။

ထူးခြားချက်ထဲမှာ ထင်ရှားလွန်းတာက ပြည်နယ်အစိုးရများရဲ့ သီးခြားလုပ်ပိုင်ခွင့်အာဏာ လုံးဝမရရှိတဲ့နိုင်ငံဟာ နိုင်ဂျီးရီးယားနိုင်ငံ ဖြစ်ပါတယ်။ သြစတြေးလျနိုင်ငံကတော့ ဥပဒေပြုအာဏာကို ပိုင်ဆိုင်ထားတဲ့ အစိုးရအဆင့်(တွေ)နဲ့ အကောင်အထည်ဖော် ဆောင်ရွက်ရတဲ့ အစိုးရအဆင့်(တွေ) တူညီတဲ့ ပုံစံ(၁၊၂၊၃၊၄)ထဲမှာ ပုံစံ(၄)မှတပါး ကျန်ပုံစံများကို အကုန်ကျင့်သုံးထားတယ်။

ဂျာမနီ နိုင်ငံက ပုံစံ(၁၊၂၊၄၊၅၊၈)ကို ကျင့်သုံးပြီး အဆိုပါပုံစံထဲမှ ပုံစံ(၄)ဖြစ်တဲ့ ဒေသန္တရအစိုးရရဲ့ သီးခြားလုပ်ပိုင်ခွင့် အာဏာနဲ့ ပုံစံ(၈)ဖြစ်တဲ့ ပြည်ထောင်စု – ပြည်နယ် – ဒေသန္တရ ပူးတွဲဥပဒေပြုကြတဲ့ ထူးခြားတဲ့ပုံစံနှစ်ခုကို မွေးယူတည်ဆောက် ထားပါတယ်။ နိုင်ငံတွေအလိုက် ၄င်းတို့ရဲ့ ပုံစံများထက် တိတိကျကျပြောရင် မည်သည့်နိုင်ငံရဲ့ ပုံစံဖြစ်လို့ ကျင့်သုံးသင့်တယ်ဆိုတာထက် နိုင်ငံတွေရဲ့ ပုံစံကနေတစ်ဆင့် ဆန်းစစ်ယူလိုက်တဲ့ ပုံစံများရဲ့ စီးဆင်းမှုကို ပိုလို့ ဆုပ်ကိုင်မိစေလိုပါတယ်။

နိုင်ငံအလိုက် ပေးထားချက်များ မတူတဲ့အတွက် ကျင့်သုံးတဲ့ပုံစံလည်း မတူနိုင်ပါ။ သို့သော် တူညီတာတစ်ခုကတော့ အဆိုပါပုံစံတွေဟာ ပြည်ထောင်စုကြီးအတွင်း နေထိုင်ကြမယ့် ပြည်ထောင်စုသား တစ်ဦးချင်းစီရဲ့ အမြင့်ဆုံးရ၊ ရမယ့် ကောင်းကျိုးချမ်းသာအတွက် ဖြစ်ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာပြည်၏ အစိုးရအဆင့်များအကြား အသုံးစရိတ်တာဝန်များ ခွဲဝေတဲ့ပုံစံဟာ ပုံစံ(၁၊၃၊၅၊၇)နဲ့ အနီးစပ်ဆုံး ဆွဲယူနိုင်ပါတယ်။ မြန်မာပြည်ဟာ ယခုလေ့လာတဲ့ ဖက်ဒရယ်(၅)နိုင်ငံအနက် နိုင်ဂျီးရီးယားနဲ့ တူညီနေပြီး အခြားတူညီမှုများထက် ကျွန်တော်တို့ စဉ်းစားဖွယ်ရာ ရှိတာက ပြည်နယ်အစိုးရများ၏ သီးခြားလုပ်ပိုင်ခွင့်အာဏာ မရှိခြင်းဘဲ ဖြစ်ပါတယ်။ ပြည်နယ်အခြေအနေအကြောင်း ပိုသိတဲ့၊ ပြည်နယ်လူထု အကြောင်း ပိုသိတဲ့၊ ပြည်နယ်လူထုရဲ့ လိုအပ်ချက်နဲ့ လိုအင်တွေကို ပိုသိတဲ့၊ ပြည်နယ်အစိုးရက သီးခြားလုပ်ပိုင်ခွင့်ကို ကဏ္ဍအချို့အတွက် မရရှိတာဟာ ပြည်နယ်လူထု နစ်နာစေဖို့ လမ်းစဖြစ်နေပါတယ်။

ပြည်နယ်တွေပေါင်းပြီး ဖြစ်တည်လာတဲ့ ပြည်ထောင်စုကြီးမှာ ပြည်နယ်လူထုဆိုတာ ပြည်ထောင်စုလူထုကြီးပါဘဲ။ ပြည်နယ်လူထု နစ်နာတာဟာ ပြည်ထောင်စု လူထုကြီး နစ်နာတာပါဘဲ။ ပြည်နယ်များရဲ့ ရပိုင်ခွင့်ဆိုတာထက် ပြည်နယ်လူထု တစ်ဦးချင်းစီရဲ့ အမြင့်ဆုံးရနိုင်တဲ့ ကောင်းကျိုးချမ်းသာတွေကို မျှော်မှန်းပါတယ်။ အဆိုပါ အမြင့်ဆုံးရနိုင်တဲ့ ကောင်းကျိုးချမ်းသာတွေကို ရဖို့ ပြည်နယ်အစိုးရက ပိုသိပါတယ်။ ဒါကြောင့် ပြည်နယ်အစိုးရရဲ့ သီးခြားလုပ်ပိုင် ခွင့်အာဏာကို အလေးထားစေချင်ပါတယ်။ (Constitution of the Republic of the Union of Myanmar (2008),2008)

အသုံးစရိတ်တာဝန်ခွဲဝေပုံဇယား ၈ခုအနက် ဇယား(၃)မှာ ပြည်ထောင်စု –ပြည်နယ် ပူးတွဲ ဥပဒေပြုပြီး ပြည်ထောင်စု – ပြည်နယ်ကဘဲ ပူးတွဲအုပ်ချုပ်တယ်ဆိုတာနဲ့ မြန်မာနိုင်ငံရဲ့ လက်ရှိပုံစံနဲ့ အတိုင်းအတာတစ်ခုအရ ဆက်စပ်နိုင်လို့ ထည့်ထားပေမယ့် ၂၀၀၈ အခြေခံဥပဒေက ပေးတဲ့ ပူးတွဲအာဏာဆိုတာဟာ ပြည်ထောင်စုက တာဝန်ယူ အကောင်အထည်ဖော်တဲ့ ကဏ္ဍကြီး ၁၁ခုအနက်ကမှ ၈ခုကို ဆွဲထုတ်၊ အဆိုပါ ကဏ္ဍကြီး ၈ခုပါ ပြည်ထောင်စုက တာဝန်ယူဆောင်ရွက်ထားတဲ့ အပိုင်းထဲကမှ အချို့ကို ပြန်လည်ထုတ်နုတ်ပြီး ပြည်နယ်ကို ပေးအပ်ထားပါတယ်။

ဒါ့အပြင် ၂၀၀၈ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့စီးပွားရေးကဏ္ဍမှာ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ ဆိုတဲ့စာသားက ပါလာတယ်။ ရလဒ်ကတော့ စီးပွားရေးကဏ္ဍမှာ ပြည်ထောင်စုက ပြဋ္ဌာန်းထားသည့် ဥပဒေကို မကျော်လွန်စေဘဲ ဥပဒေပြုနိုင်သည်လို့ အနက်ထွက်တဲ့အတွက် ပြည်ထောင်စုက လွှမ်းမိုးထားတဲ့ ပြည်ထောင်စု – ပြည်နယ်ပူးတွဲအာဏာလို့သာ ခေါ်ဆိုနိုင်တဲ့ အနေအထားဖြစ်နေပါတယ်။ ဒါဟာ စီးပွားရေးကဏ္ဍကိုသာ ရည်ညွှန်းပါတယ်။ ဒီတော့ စီးပွားရေးကဏ္ဍမှာ အထက်ပါဇယား ၅နဲ့ ဇယား ၃အကြား ရောက်ရှိနေတယ်။ ကျန်တဲ့ကဏ္ဍများမှာတော့ ပြည်ထောင်စုက မလုပ်ကိုင်တော့ဘူးလို့ သတ်မှတ်ထားတဲ့ အပိုင်းကို ပြည်နယ်အဆင့်ကို လွှဲပြောင်းပေးတဲ့သဘော ရှိပါတယ်။ လေ့လာထားတဲ့ ဖက်ဒရယ်(၅)နိုင်ငံက ထွက်ပေးလာတဲ့ အသုံးစရိတ်တာဝန် ခွဲဝေပုံ ပုံစံ ၈မျိုးထဲ ဝင်လာဖို့ထိ ခက်ခဲနေဆဲ ဖြစ်ပါတယ်။ (Constitution of the Republic of the Union of Myanmar (2008),2008)

အသုံးစရိတ် တာဝန်ခွဲဝေပုံနဲ့ ပတ်သတ်လို့ ဖက်ဒရယ်ငါးနိုင်ငံကို လေ့လာအပြီး ထိုငါးနိုင်ငံ၏ အသုံးစရိတ် တာဝန် ခွဲဝေပုံများမှ ပုံစံ (၈)မျိုး ထုတ်အပြီး ရှေ့ကသွားသော ဖက်ဒရယ်နိုင်ငံများအား ဖက်ဒရယ်ဘဏ္ဍာရေးသဘောအရ ကြည့်ရှုပြီးဖြစ်ပါတယ်။ အသုံးစရိတ်ဆိုတဲ့အတွက် ကိန်းဂဏန်းများကို မျှော်လင့်ကောင်း၊ မျှော်လင့်နိုင်ပါ တယ်။ အနာဂတ်မှာ ဖန်တီးကြမယ့် တိုင်းပြည်အတွက် ဘယ်အသုံးစရိတ်ကဏ္ဍတွေကိုဖြင့်ရင် ဘယ်နိုင်ငံတွေက ဘယ်လိုခွဲဝေ သုံးသွားတယ်။ ပြီးတော့ ပုံစံတစ်မျိုးချင်းစီက လည်းကောင်း၊ ပုံစံချင်း နှိုင်းယှဉ်ပြီးလည်းကောင်း စီးဆင်းပုံ ဒါတွေဟာ ဒီစာတမ်းငယ်ရဲ့ သေးငယ်တဲ့ ဝိညာဉ်တွေပါဘဲ။

**၄။ နိဂုံး**

ဖက်ဒရယ်ဘဏ္ဍာရေးစနစ်ရဲ့ ပထမဆုံးအပိုင်းဖြစ်တဲ့ အသုံးစရိတ်တာဝန် ခွဲဝေပုံဟာ နိုင်ငံရေးဆိုလည်း ဟုတ်ပါတယ်။ ပြည်သူ့ဘဏ္ဍာရေးဘာသာရပ်ရဲ့ အခြေခံ အယူအဆများမှလည်း လွတ်ကင်းခြင်း မရှိပါ။ ပါမောက္ခတစ်ဦးက ပြည်သူ့ဘဏ္ဍာရေး ဘာသာရပ်ဟာ နိုင်ငံရေးဘောဂဗေဒရဲ့ ပါရာဒိုင်းအသစ်လို့

ပြောပါတယ်။ ဖက်ဒရယ် ဘဏ္ဍာရေးဟာလည်း နိုင်ငံရေးရော ဘောဂဗေဒနဲ့ရော နီးနွယ်ပတ်သက်နေပါတယ်။ ဘာသာရပ်သဘောအရ အဲ့သလိုဖြစ်နေသလိုဘဲ၊ ဖြစ်စဉ်သဘောအရလည်း နိုင်ငံရေးအပေးအယူများက ပေါက်ဖွားလာပြီး ပြည်သူ့ဘဏ္ဍာရေးအယူအဆများနဲ့ လူလားမြောက်စေရပါမယ်။ ဒါမှ ဒီဖက်ဒရယ်ဘဏ္ဍာရေးစနစ်ဟာ တစ်ပြည်နယ်ချင်းလည်း တိုးတက်စေ၊ အလိုက်သင့်စွာဖြင့် ပြည်ထောင်စုကြီးလည်း တိုးတက်စေတဲ့ စနစ်ကြီး ဖြစ်လာပါမယ်။ ဒီလို ဖြစ်လာဖို့ အစပထမကတော့ ပြည်ထောင်စုကြီး၏ မည်သည့်ပြည်နယ်မှာမဆို နေထိုင်ကြတဲ့ ပြည်ထောင်စုသားတိုင်းရဲ့ အမြင့်ဆုံး ရနိုင်တဲ့ ကောင်းကျိုးချမ်းသာကို သင့်တော်မှန်ကန်တဲ့ ပြည်ထောင်စုအစိုးရ – ပြည်နယ်အစိုးရ အသုံးစရိတ် တာဝန်ခွဲဝေခြင်းမှ အစပြုရမည် ဖြစ်ပါတယ်။ ဒီသုတေသနစာတမ်းငယ်ဟာ နိဒါန်းသာ ဖြစ်ပါသေးတယ်။ သို့သော်လည်း နိဒါန်းမဟုတ်တဲ့ နိဒါန်းသာဖြစ်ပါသေးတယ်။ နိဒါန်းဖြစ်လာဖို့ မျှော်လင့်ပြီး ရေးသားတဲ့ နိဒါန်းလည်း ဖြစ်ပါတယ်။

## ကျမ်းကိုးစာရင်း

Broadway, R. (2007), Canada. In *The Practice of Fiscal Federalism: Comparative Perspectives* (pp. 99-124). McGrill Queen University Press.

*Constitution of the Republic of the Union of Myanmar(2008).* (2008). Ministry of Information.

Ekpo, A.H. (2007). Federal Republic of the Union of Nigeria. In *The Practice of Fiscal Federalism: Comparative Perspectives* (pp. 205-223). McGrill Queen University Press.

Hagen, L. P. (2007). Federal Republic of Germany. In *The Practice of Fiscal Federalism: Comparative Perspectives* (pp. 126-150). McGrill Queen University Press.

Morris, A. (2007). Commonwealth of Australia. In *The Practice of Fiscal Federalism: Comparative Perspectives* (pp. 44-72). McGrill Queen University Press.

Rao, M. G. (2007), Republic of India. In *The Practice of Fiscal Federalism: Comparative Perspectives* (pp. 152-177). McGrill Queen University Press.

Shah, A. (2006). *The Practice of Fiscal Federalism: Comparative Perspectives* (Vo;. Volume 4). McGrill Queen University Press. Retrieved June 1,2018